
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# Who am I?

## ငါဘယ်လိုလူစားလဲနှင့်
## မှတ်သားဖွယ်ကမ္ဘာ့အဆိုအမိန့်များ

အင်္ဂလိပ်-မြန်မာ



ပြန်ဆိုသူ-မြင့်စိုးလှိုင်နှင့်
သရုပ်ဖော်-အောင်ပီကျယ်

mgyoe.com

mgyoe.com



# Who am I?

# ငါဘယ်လိုလူစားလဲ

နှင့်

## မှတ်သားဖွယ်ကမ္ဘာ့အဆိုအမိန့်များ

mgyoe.com

mgyoe.com


စာမူခွင့်ပြုချက် ၁၁၆၆/၂၀၀၂(၁၂)

မျက်နှာဖုံးခွင့်ပြုချက် ၉၆၃/၂၀၀၃ (၁၁)

မျက်နှာဖုံးပုံ အော်ပီကျယ်

စာအုပ်ချုပ် ကိုမြင့်

ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။


ထုတ်ဝေသူ ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
ပြည်လမ်း၊ ကမာရွတ်
ရန်ကုန်။

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဒီဇင်ဘာလ၊ ၂၀၀၃ |
| တန်ဖိုး | 1500 K |

၁၂၉


mgyoe.com

mgyoe.com



We ask ourselves, who am I to be brilliant, gorgeous, talented, fabulous? Actually, who are you not to be?

***Marianne Williamson,***

**ငါ ဘယ်လိုလူစားလဲ**

လူတွေက ကိုယ့်ကိုယ်ကို ပြန်မေးကြတယ်၊ ငါ ဘယ်လိုလူစား ဖြစ်လာမလဲ။ လူတော်လား၊ ပါရမီရှင်လား၊ ရှာမှရှားထဲကလားပေါ့။ တကယ်တမ်း မေးသင့်တာက. ကိုယ့်အနေနဲ့ ဘယ်လိုလူစား မဖြစ်သင့်ဘူးလဲ ဆိုတာပါ။

**မာရီယဲန်း ဝီလျံဆန်**



mgyoe.com

mgyoe.com

Celebrities seek fame. They take actions to get attention. Heroes have risked something to help others. Their actions involve courage.

***James Bradley and Ron Powers***

**အကျော်အမော်နဲ့ သူရဲကောင်း**

လူသိထင်ရှားသူတွေက ကျော်ကြားကြတယ်။ လူတွေ အာရုံစိုက်အောင်လည်း လုပ်တတ်ကြတယ်။ သူရဲကောင်းတွေကျတော့ သူတစ်ထူးကို ဖေးမကူညီဖို့ စွန့်စရာရှိ စွန့်သွားသူတွေပဲ။ သူတို့ လုပ်ရပ်ထဲမှာက သူရသတ္တိပါတယ်။


***ဂျိမ်းစ် ဘရက်ဒလေ (နှင့်) ရွန်ပါးဝါးစ်***





mgyoe.com

mgyoe.com



Serious criticism seems to me to be the best kind of praise, because it means that a person is thinking a bout another, and is concerned about what he does or says.

***Sara Sefchovich***

**ဝေဖန်ရေး**

အလေးအနက် ဝေဖန်တာကို ကျွန်တော်ကတော့ အကောင်းဆုံး ချီးမွမ်းနည်းလို့ သဘောထားတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒါဟာ လူတစ်ယောက်က အခြားတစ်ယောက်အတွက် တွေးတောစဉ်းစားပေးနေတယ်၊ သူ့ အပြော သူ့အလုပ်နဲ့ပတ်သက်လို့လည်း တာဝန်ယူတယ်ဆိုတဲ့ အဓိပ္ပာယ်ဆောင်လို့ပဲ။

**ဆာရာ ဆက်ပ်ချိုဗစ်ချ်**



mgyoe.com

mgyoe.com


## Knowledge and Wisdom

I don't know the key to success, but the key to failure is trying to please everybody.

*Bill Cosby*


အောင်မြင်မှုသော့ချက်ကို ကျွန်တော် မသိဘူး။ ဒါပေမဲ့ ရှုံးနိမ့်မှု သော့ချက်ကတော့ လူတကာ ကျေနပ်အောင် လိုက်လျောနေတတ်တာပဲ။

*ဘီလ်ကော့စ်ဘီ*



mgyoe.com

mgyoe.com




Every exit is an entry somewhere else.

***Tom Stoppard***

**အလှည့်အပြောင်း**

ထွက်ပေါက်တိုင်းဟာ တစ်နေရာရာမှာ ဝင်ပေါက် သွားဖြစ်နေတယ်တယ်။

**တော်မ် စတော့ပါ့ဒ်**



mgyoe.com

mgyoe.com


The art of living is more like wrestling than dancing.

***Marcus Aurelius***

ဘဝနေနည်း အတတ်ပညာ

ဘဝမှာ နေတတ်တယ်ဆိုတာက ကတတ် ခုန်တတ် တာနဲ့ သိပ်မတူဘဲ သတ်ဟယ် ပုတ်ဟယ် နပန်းလုံးတတ်တာနဲ့ ပိုတူတယ်။

**မားကပ်စ် အော်ရီးလီးယပ်စ်**








mgyoe.com

mgyoe.com



Same of our best Journalists take them- sleves even more sericusly than the politicians they write about.

***R.W. Apple, JR***

**သိက္ခာရှိစာနယ်ဇင်းသမား**

ထူးချွန်ထက်မြက်တဲ့ စာနယ်ဇင်းသမားတချို့ဟာ သူတို့ရေးသားပြုစုတဲ့ နိုင်ငံရေးသမားတွေထက်တောင် သူတို့ကိုယ်သူတို့ ပိုပြီး အလေးအနက် ကျင့်သုံး ဆောက်တည်တတ်ကြပါတယ်။

*အာရ်၊ ဒဗလျူ၊ အက်ပဲလ် (ဂျူနီယာ)*



mgyoe.com

mgyoe.com

To be a man is to do things instead of finding excuses not to do them.

***Juan Pablo Valdes***

လူဆိုတာ လုပ်စရာရှိတာတွေကို လုပ်ရတယ်။ ခေါင်းရှောင်ဖို့ ဆင်ခြေဆင်လက် ရှာမနေရဘူး။

ယွန်ပက်ဘလို ဗားလ်ဒက်စ်





mgyoe.com

mgyoe.com



Don't limit investing to the financial world. Invest something of yourself, and you will be richly rewarded.

***Charles R. Schwab***

ရင်းနှီးမြှုပ်နှံမှုလုပ်ရင် ငွေရေးကြေးရေးနယ်ပယ် တစ်ခုတည်းမှာပဲ မလုပ်ပါနဲ့။ ကိုယ့်ကိုယ်ကိုလည်း အကြောင်း ကိစ္စတစ်ခုခုထဲမှာ ရင်းနှီးမြှုပ်နှံထားပါ။ ဒါဆို ဆုကြီး လာဘ်ကြီးတွေနဲ့ ပြည့်စုံကြွယ်ဝလာပါလိမ့်မယ်။

***ချားလ်စ် အာရ်၊ ရွက်ဘ်***



mgyoe.com


mgyoe.com

A vision without the ability to execute is probably a hallucination.

***Stephen Case***

လုပ်လို့ကိုင်လို့ရအောင် အစွမ်းသတ္တိမပါတဲ့ အမြင်တစ်ရပ်ဟာ ကယောင်ချောက်ချား ထင်မြင်ယောင်မှားတာ ပဲဖြစ်ရမယ်။

**စတီဗင် ကေ့စ်**





mgyoe.com

mgyoe.com



Politicians who complain about the media are like sailors who complain about the seas.

***Enoch Powell***

လူထုဆက်သွယ်ရေး သတင်းလောကအပေါ် အပြစ်ပြောတတ်တဲ့ နိုင်ငံရေးသမားတွေဟာ ပင်လယ်ပြင်ကြီး ကြည့်ပြီး ငြူစူတတ်တဲ့ သင်္ဘောသားတွေနဲ့ ဘာမှမထူးဘူး။

***အီနော့ ပါဝဲလ်***



mgyoe.com


mgyoe.com

To accept good advice is but to increase one's ability.

***Goethe***

အကြံဉာဏ်ကောင်းတစ်ခုကို လက်ခံတတ်တာဟာ ကိုယ့်ကိုယ်ပိုင် အစွမ်းအစကို တိုးချဲ့လိုက်တာပါပဲ။

*ဂါထဲ*





mgyoe.com

mgyoe.com



Old wood best to burn, old wine to drink, old friends to trust and old authors to read.

***Bacon***

**ဟောင်းလေ ကောင်းလေ**

သစ်ဟောင်း ဝါးဟောင်း ထင်းဆိုက်ကောင်း၏။
နှစ်ချို့သူရာ သောက်ကောင်းပါ၏။
မိတ်ဟောင်းဆွေဟောင်း ယုံကြည်ကောင်း၏။
စာဆို အိုလေ ဖတ်ကောင်းလေတည့်။

**ဘေကွန်**



mgyoe.com

mgyoe.com


Affection is a greater enemy to the face than small-pox.

***St.Evermond***

**ဟန်ဆောင်မျက်နှာ**

ဟန်ဆောင်ပန်ဆောင် လုပ်တတ်တာဟာ မျက်နှာအတွက်တော့ ကျောက်ပေါက်မာစွဲတာထက် ပိုပြီးအန္တရာယ်ကြီးတယ်။

**စိန့်အဲဗားမောန်**





mgyoe.com

mgyoe.com



Advice is seldom welcome, those who need it most like it least.

***Johnson***

**အကြံဉာဏ်လား၊ ကန်တော့ပါသေးရဲ့**

အကြံဉာဏ်ပေးရင် အားတက်သရော လက်ခံခဲ့ တယ်။ အကြံဉာဏ်ရယူဖို့ အလိုအပ်ဆုံးလူက၊ အကြံဉာဏ်ဆိုရင် သဘောမတွေ့ဆုံးလူ ဖြစ်နေတတ်တယ်။

ဂျွန်ဆင်



mgyoe.com

mgyoe.com


We give advice by the bucket, but **take it by the grain.**

***W.R. Alger***

**ကိုယ်ကသာ ပေးလိုက်ချင်တယ်**

ကျုပ်တို့က အကြံဉာဏ်ပေးရမယ်ဆို တစ်တင်းစာလောက် ပေးချင်တယ်။ ဒါပေမဲ့ ယူရမယ့်အလှည့်ကျတော့ တစ်စေ့ချင်းလောက်ပဲ ယူတတ်တယ်။


***ဒဗလျူ၊ အာရ်၊ အယ်လ်ဂါ***





mgyoe.com

mgyoe.com



I do not want people to be very agreeable, as it saves me the trouble of linking them a great deal.

***Jane Austin***

**အညှာမလွယ်စေချင်ပါ**

ကျွန်မတော့ လူတွေအနေနဲ့ ယုံလွယ် သဘောတူ လွယ်လွန်းတာမျိုး သိပ်မဖြစ်စေချင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလိုလူတွေနဲ့ ဆက်ဆံပတ်သက်ဖို့ ကျတော့ ကျွန်မမှာ အခက်တွေ့ရလို့ပဲ။

***ဂျိန်းအော်စတင်***



mgyoe.com

mgyoe.com


No wise man ever wished to be younger.

***Swift***

**အရွယ်နဲ့အသိ**

အသိအလိမ္မာ ရှိတဲ့လူမှန်ရင် ဘယ်သူမှ ကိုယ့်ကိုယ် ကို ပြန်ငယ်ချင်စိတ် မရှိပါဘူး။

**ဆွစ်ဖ်**






mgyoe.com

mgyoe.com



He that complies against his will is of his own opinion still.

***Samual Butler***

**သဘောတူတယ်ဆိုတာ**

ကိုယ့်ဆန္ဒကို စွန့်လွှတ်ပြီး လိုက်လျောပါတယ်ဆိုရင်လည်း ကိုယ့်သဘောထားလေးတော့ ပါစေချင်သေးတာပဲ။

**ဆယ်မြူရယ်လ် ဘတ္တလာ**



mgyoe.com

mgyoe.com


Nothing is more hateful to a poor man than, the purseproud arrogance of rich.

***Cumberland***

**ချမ်းသာချင် ချမ်းသာပါ၊ မျက်စိနောက်အောင် မနေပါနဲ့**

ချမ်းသာတယ်ဆိုပြီး ပိုက်ဆံအိတ်တဆဆနဲ့ ဟိတ်ကြီးဟန်ကြီး လုပ်ပြတာလောက် ဆင်းရဲတဲ့လူအဖို့ မုန်းဖို့ကောင်းတာ ဘာမှမရှိဘူး။

***ကမ်းဘားလဲန်ဒ်***





mgyoe.com

mgyoe.com



To be angry is revenge the faults of others on ourselves.

***Pope***

ဒေါသ

ဒေါသထွက်တယ်ဆိုတာ သူတစ်ပါးရဲ့ အပြစ်အနာ တွေနဲ့ ကိုယ့်ကိုယ်ကို ရန်တုံ့မှုတာပဲ။

ပုပ်



mgyoe.com

mgyoe.com

The man who has not anything to boast of but his illustrious ancestors is like a potato-the only good belonging to him is underground.

***Sir Thomas Overbury***

**ဘိုးဘွားအမွေ**

ကိုယ့်ဘိုးဘွားတွေအကြောင်း တခမ်းတနား အသားလုပ်ပြောတတ်တာကလွဲလို့ တခြားဘာမျှ မရှိတဲ့လူဟာ အာလူးနဲ့တူတယ်။ သူ့အတွက်ကောင်းပေ့ဆိုတာက မြေကြီးထဲရောက်နေတာကိုး။

**ဆာ့သောမတ်စ် အိုဗာဘာရီ**




mgyoe.com

mgyoe.com



Times have changed since a certain author was executed for murdering his publisher. They say that when the author was on the scaffold he said goodbye to the minister and to the reporters, and then he saw some publishers sitting in the front roll below, and to them he did not say goodbye, He said instead, "I'll see you later."

***J.M. Barrie***

စာရေးဆရာတစ်ယောက်၊ သူ့စာအုပ်ထုတ်ဝေသူကို သတ်မှုနဲ့ သေဒဏ်ကျခံခဲ့ရပြီးတဲ့နောက်၊ ကာလတွေလည်း တရွေ့ရွေ့ပြောင်းခဲ့ပါပြီ။ လူတွေပြောကြတာကတော့ အဲဒီ စာရေးဆရာက ကြိုးစင်ပေါ်ကနေ သင်းအုပ်ဆရာနဲ့ သတင်းထောက်တွေကို 'သွားမယ်နော်' လို့ နှုတ်ဆက်စကားဆိုသတဲ့။ နောက်တော့ စင်အောက်က ရှေ့ဆုံးခုံတန်းမှာ ထိုင်နေကြတဲ့ ထုတ်ဝေသူတချို့ကို သူတွေ့လိုက်ရတယ်။ အဲဒီပုဂ္ဂိုလ်တွေကိုတော့ သူက 'သွားမယ်နော်' လို့ နှုတ်ဆက်ရမယ့်အစား 'ကျုပ် ခင်ဗျားတို့နဲ့ နောက်မှတွေ့ဦးမယ်' လို့ ပြောသွားသတဲ့။

***ဂျေ၊အမ်၊ ဘာရီ***



mgyoe.com

mgyoe.com


All books are divisible into two classes, the books of the hour, and the books of all time.

***John Ruskin***

**စာအုပ်နှစ်မျိုး**

စာအုပ်မှန်သမျှကို အတန်းအစားခွဲလိုက်ရင်၊ နာရီ ပိုင်းပဲခံတဲ့ စာအုပ်တွေနဲ့ ရာသက်ပန်ခံတဲ့ စာအုပ်တွေဆိုပြီး နှစ်မျိုးနှစ်စား တွေ့ရမယ်။


ဂျွန် ရပ်စ်ကင်





mgyoe.com

mgyoe.com



There can hardly be a stranger commod-ity in the world than books. Printed by people who don't understand them; sold by people who don't understand them; bound, criticized and read by people who don't understand them; and now even written by people who don't understand them.

***George Christoph Lichtenberg***

ကမ္ဘာပေါ်မှာ စာအုပ်တွေထက်ပိုပြီး ဆန်းကြယ်တဲ့ လူသုံးပစ္စည်းမျိုးတွေ့ဖို့ မလွယ်ဘူး။ သူ့အကြောင်း နားမလည်တဲ့လူတွေက ပုံနှိပ်ကြတယ်။ သူ့အကြောင်း နားမလည်တဲ့လူတွေက ရောင်းချကြတယ်။ သူ့အကြောင်း နားမလည်တဲ့ လူတွေက စာအုပ်ဖြစ်အောင် ချုပ်လုပ်ကြ၊ ဝေဖန်ကြ၊ ဖတ်ရှုကြတယ်၊ အဲ... ခုကာလမှာတော့ သူ့ အကြောင်း နားမလည်တဲ့လူတွေကပါ ဝင်ပြီးရေးသားနေကြလေရဲ့။

ဂျော့ချ် ခရစ္စတို့ဖ် လစ်ချ်တဲန်ဘာ့ဂ်



mgyoe.com


mgyoe.com

Life is rather like a tin of sardines we're all of us looking for the key.

***Alan Bennett***

ဘဝဆိုတာ ငါးသေတ္တာဘူးတစ်ဘူးနဲ့တူတယ်။ ကျုပ်တို့အားလုံး ဖောက်တံတွေ့အောင်ရှာရမယ်။


**အလန်ဘင်းနက်**





mgyoe.com

mgyoe.com



One must never lose time to vainly regetting the past nor in complaining about the changes which cause us discomfort, for change is the very essence of life.

***Anatole France***

လူတစ်ယောက်အနေနဲ့ အတိတ်ကိုတွေးပြီး အချည်း နှီးပူဆွေးတမ်းတရင်း အချိန်မကုန်သင့်သလို၊ စိတ်မသက်သာစရာ အပြောင်းအလဲတွေ ဖြစ်တဲ့အခါ မှာလည်း ညည်းညူမနေသင့်ဘူး။ ဘာကြောင့်လဲဆိုတော့ အပြောင်းအလဲ ဆိုတာကိုက ဘဝရဲ့ အနှစ်သာရဖြစ်လို့ပဲ။

**အနာတိုလီ ဖရန့်စ်**



mgyoe.com


mgyoe.com

Most women set out to try to change a man, and when they have changed him they do not like him.

*Marlene Dietrich*

မိန်းမတွေ အတော်များများက ယောက်ျားတစ် ယောက်ကို ပုံစံပြောင်းပစ်ဖို့ ကြိုးစားချင်ကြတယ်။ ပြောင်းလို့လည်းရသွားရော အဲဒီယောက်ျားကို သူတို့ သဘောမကျကြတော့ဘူး။


မာလင်း ဒိုင်ယက်တ်ရစ်ချ်





mgyoe.com

mgyoe.com



Youth is a blunder, manhood a struggle; old age a regret.

***Benjamin Disraeli***

လူငယ်ဘဝ မြောက်ကြွကြွ
လူကြီးဘဝ ရုန်းကန်ရ
လူအိုဘဝ ပြန်ပြောင်းတသ လွမ်းဆွတ်ရ။

ဘင်ဂျမင် ဒစ္စရေလီ



mgyoe.com


mgyoe.com

Life is a tragedy when seen in close-up, but a comedy in long-shot.

*Charlie Chaplin*

ဘဝဆိုတာ အနီးကပ်ဆွဲကြည့်လိုက်ရင် အလွမ်း ဇာတ်ဖြစ်သွားတယ်။ ဒါပေမဲ့ အဝေးရိုက်ချက်နဲ့ကျတော့ ဇာတ်မြူးဖြစ်နေပြန်ရော။


ချာလီချက်ပလင်





mgyoe.com

mgyoe.com



If a problem has no solution, it may not be a problem, but a fact-not to be solved, but to be coped with over time.

***Shimon Peres***

ပြဿနာတစ်ခုဟာ ဖြေရှင်းလို့မရဘူးဆိုရင် အဲဒါ ပြဿနာမဟုတ်ဘူး။ အကြောင်းကိစ္စတစ်ခုသာ ဖြစ်တယ်။ သူက ဖြေရှင်းစရာမလိုဘူး။ ဒါပေမဲ့ ပြေလည်ဖို့အတွက် အချိန်တော့ စောင့်ရမယ်။

**ရှီမွန်ပဲရက်စ်**



mgyoe.com


mgyoe.com

Work.is a slice of your life. It's not the ertire pizza.

***Jacquelyn Mitchard***

အလုပ်ဆိုတာ ဘဝရဲ့ မုန့်တစ်ဖဲ့စာ–
မုန့်တစ်ချပ်လုံး မဟုတ်ပါ။


**ဂျက်ကလင်းမစ်ချတ်**





mgyoe.com

mgyoe.com




Few things move as quickly as the future.

***Bern Williams***

အနာဂတ်ကိုမီအောင် ခပ်သုတ်သုတ်လိုက်နိုင်တာ ဆိုလို့ အနည်းအကျဉ်း လောက်ပဲ ရှိပါတယ်။

**ဘန်းဝီလျံမ်စ်**



mgyoe.com

mgyoe.com

Heroes are people who rise to the occasion and slip quietly away.

***Tom Brokaw***

သူရဲကောင်းဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အရေးကြုံရင် ပေါ်လာပြီး အသံမပြုဘဲ ပြန်ပျောက်သွားတတ်ကြတယ်။


**တော်မ်ဘရိုးကော**





mgyoe.com

mgyoe.com



It would be great if people never got angry at someone for doing something they've done themselves.

*Rodney Dangerfield*

လူတွေအနေနဲ့ ကိုယ်လုပ်ခဲ့ကိုင်ခဲ့ဖူးတဲ့ ကိစ္စမျိုးကို လုပ်နေတဲ့ လူတစ်ယောက်အပေါ် ဒါမျိုးလုပ်ရကောင်းလားဆိုပြီး မျက်မာန်မပွားတတ်ဘူးဆိုရင် တော်တယ်လို့ခေါ်ရမှာပဲ။

ရော့ဒ်နေ ဒိန်းဂျားဖီးလ်ဒ်



mgyoe.com

mgyoe.com

Whenever I prepare for a journey I prepare as though for death. Should I never return, all is in order. This is what life has taught me.

***Katherine Mansfield***

ကျွန်မက ခရီးတစ်ခါထွက်မယ်ပြင်တိုင်း၊ သေရွာသွားရတော့မလို သဘောထားပြီး ပြင်ဆင်လေ့ရှိတယ်။ ကျွန်မသာ ပြန်ရောက်မလာရင် အားလုံး အစီအစဉ်တကျ ဖြစ်နေရမယ်။ ဘဝက ကျွန်မကို ဒီအတိုင်းပဲ သင်ပေးခဲ့ပါတယ်။

***ကက်သရင်း မင်းစ်ဖီးလ်ဒ်***





mgyoe.com

mgyoe.com



The dead don't die. They look on and help.

***D.H. Lawrence***

သေတဲ့လူတွေဟာ သေပျောက်သွားကြတာ မဟုတ်ဘူး။ သူတို့က စောင့်ကြည့်ပြီး ကူညီဖေးမနေကြတာပါ။

**ဒီ၊အိပ်ချ်၊ လောရင့်စ်**



mgyoe.com